အနှစ်ချုပ်
၂၀၁၈၊ ဧပြီလ။

Natural Resource Governance Institute

# တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းအတွက် ပါမစ်/လိုင်စင် ချထားပေးခြင်း

## အရေးပါပုံ။

အစိုးရအနေဖြင့် အောက်ဖော်ပြပါ ကိစ္စများနှင့်ဆိုင်ပြီး ဆုံးဖြတ်ချက်များ ချနိုင်သည်ဖြစ်သောကြောင့် ပါမစ်/လိုင်စင် ချထားပေးခြင်း လုပ်ငန်းသည် အရေးပါသည်။


- သဘာဝ သယံဇာတ ရှာဖွေခွင့်၊ တူးဖော်ခွင့်ရသည့် ကုမ္ပဏီများ ရွေးချယ်ခြင်း
- လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများ ရွေးချယ်ခြင်း
- ကုမ္ပဏီများ လိုက်နာရမည့်စည်းကမ်းများ ချမှတ်ခြင်း

စနစ်တကျ စီစဉ်ထားသည့် လိုင်စင်ချထားပေးသည့် လုပ်ငန်းစဉ်များမှတဆင့် အစိုးရ၏ စီးပွားရေး၊ လူမှုရေး၊ သဘာဝ ဝန်းကျင်ဆိုင်ရာ ဦးစားပေးကိစ္စများအတွက် သဘာဝ သယံဇာတများကို ထိရောက်စွာ ထုတ်ယူနိုင်မည်ဖြစ်သည်။ တာဝန်သိ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ရန်အတွက် ထိရောက်သည့် စည်းမျဉ်းများ၊ ကျောသားရင်သား မခွဲခြား ဆောင်ရွက်ချက်များ အရေးကြီးသည်။

## မည်သည့်ကိစ္စများ ပါဝင်သနည်း။

အစိုးရများအနေဖြင့် –

- ပါမစ်/လိုင်စင်ထုတ်ပေးရန် တာဝန်ရှိသည့်ဌာန၊ လိုင်စင်ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ပုံတို့ကို ရှင်းလင်းစွာ ဖော်ပြထားသည့် ဥပဒေများ နှင့် စည်းမျဉ်းများကို ရေးဆွဲရမည်။
- ကုမ္ပဏီများ၏ လျှောက်လွှာများကို သုံးသပ်ပြီး၊ တူးဖော်ခွင့်၊ ထုတ်လုပ်ခွင့်လိုင်စင်များ ချထားပေးရမည်။
- ပါမစ်/လိုင်စင်ရ မှတ်တမ်းတင် ခြေရာခံခြင်း၊ ဥပဒေလိုက်နာမှု ရှိမရှိကို စောင့်ကြည့်ရမည်။



## မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် ပုံစံ။

ပါမစ်/လိုင်စင် ချထားပေးရာတွင် အခက်အခဲများ ရှိနေသည်။ အထူးသဖြင့် တွင်းထွက်နှင့် ကျောက်မျက်ကဏ္ဍတွင်ဖြစ်သည်။ ဥပဒေ လုပ်ထုံးလုပ်နည်းများမှာ ရှင်းလင်းမှုမရှိပါ။ ပါမစ်/လိုင်စင်များကို မှတ်တမ်းတင် ခြေရာခံသည့်စနစ် မရှိပါ။ ဥပဒေလိုက်နာမှု ရှိမရှိ စောင့်ကြည့်ရန် အစိုးရတွင် စွမ်းဆောင်ရည် မရှိပါ။ ပြည်နယ်အဆင့် လုပ်ငန်းဌာနများ၏ တရားဝင် လုပ်ပိုင်ခွင့်မှာလည်း အနည်းငယ်သာ ရှိသည်။

### တာဝန်ယူထားသည့် ဌာနများ

- ပါမစ်/လိုင်စင်ချထားပေးခြင်း လုပ်ငန်းစဉ် အသေးစိတ်ကို ပြည်ထောင်စု ဥပဒေတွင် ပြဋ္ဌာန်းထားသည်။ သတ္တုတွင်းကဏ္ဍ၏ အဓိက ဥပဒေများမှာ မြန်မာ့သတ္တုတွင်းဥပဒေ (၁၉၉၄၊ ၂၀၁၅ တွင် မွမ်းမံ) နှင့် မြန်မာ့ကျောက်မျက်ဥပဒေ (၁၉၉၅၊ ၂၀၁၆ တွင် မွမ်းမံ) ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍတွင်မူ ထုတ်ကုန်ခွဲဝေမှုဆိုင်ရာ စာချုပ်များသည် အဓိက ကိုးကားသည့် ဥပဒေ အချက်အလက်များ ဖြစ်သည်။ မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆) တွင်လည်း ပါမစ်/လိုင်စင် ချထားပေးဆိုင်ရာ သတ်မှတ်ချက်များကို ဖော်ပြထားသည်။
- တွင်းထွက်လိုင်စင်ကို သတ္တုတွင်းဌာန၊ ကျောက်မျက် ပါမစ်/လိုင်စင်ကို မြန်မာ့ကျောက်မျက်လုပ်ငန်း၊ ရေနံနှင့် ဓာတ်ငွေ့လိုင်စင်များကို မြန်မာ့ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်း အစရှိသော ပြည်ထောင်စုအဆင့် လုပ်ငန်းဌာနများက အများအားဖြင့် ချထားပေးသည်။ ရင်းနှီးမြှုပ်နှံမှု အများစုအတွက် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုချက်ရယူရန် လိုသည်။
- အနာဂတ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများက အသေးစားနှင့် တနိုင်တပိုင် တူးဖော်ခွင့်များကို ချထားပေးမည်ဖြစ်သည်။ တိကျသည့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်နိုင်ခြင်း မရှိသေးပါ။
- ပါမစ်/လိုင်စင်ချထားပေးသည့် လုပ်ငန်းစဉ် အထူးသဖြင့် တွင်းထွက်များ ချထားပေးသည့် အချို့သောအဆင့်များတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ မြို့နယ်အာဏာပိုင်များနှင့် ဆွေးနွေးမှုများ ပြုလုပ်ရသည်။ ယင်းအာဏာပိုင်များ၏ လုပ်ပိုင်ခွင့်များကို ဥပဒေတွင် အတိအကျ ဖော်ပြထားခြင်း မရှိသော်လည်း ၎င်းတို့သည် ဆုံးဖြတ်ချက်များကို နှေးကွေးစေသည်၊ ပိတ်ပင်ခြင်းလည်း ပြုလုပ်နိုင်သည်။
- အချို့သောနေရာများတွင် ပါမစ်/လိုင်စင် သို့မဟုတ် သဘာဝ သယံဇာတ တူးဖော်ခွင့် ကိစ္စကို စစ်တပ် သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ဆုံးဖြတ်သည်။



## အခြားနိုင်ငံများမှ ပြည်နယ်အဆင့် လုပ်ငန်းဌာနများ လုပ်ငန်းဆောင်ရွက်ပုံ။

- အိန္ဒိယကဲ့သို့သော ဖက်ဒရယ်နိုင်ငံများ အပါအဝင် အခြားသော နိုင်ငံများတွင် နိုင်ငံအဆင့် အစိုးရသည် ပါမစ်/လိုင်စင်ချထားပေးခြင်းဆိုင်ရာ ဥပဒေမူဘောင်ကို ရေးဆွဲလေ့ရှိသည်။သို့သော်လည်း ဩစတေးလျ နှင့် မလေးရှားတို့တွင် ပါမစ်/လိုင်စင်ချထားပေးခြင်းနှင့်ဆိုင်သည့် ဥပဒေများကို ပြည်နယ်အစိုးရက ရေးဆွဲသည်။
- ပြည်နယ်အဆင့် လုပ်ငန်းဌာနများသည် ပါမစ်/လိုင်စင်ချထားပေးခြင်းကိစ္စတွင် လုပ်ပိုင်ခွင့်အချို့ ရရှိကြသည်။ နိုင်ငံအဆင့် အစိုးရအနေဖြင့် ပြည်နယ်သို့ ဆင်းပြီး ဆွေးနွေးရသည် သို့မဟုတ် ပြည်နယ်၏ ခွင့်ပြုချက် ရယူရသည်။ အခြားသောနိုင်ငံများတွင် ပြည်နယ်အဆင့် ဌာနများသည် ပါမစ်/လိုင်စင် ချထားပေးခြင်းလုပ်ငန်းစဉ်ကို ဦးဆောင်သည်။
- ပြည်နယ်အဆင့်၏ ပါဝင်မှုသည် ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းထက် တွင်းထွက်တူးဖော်ရေးလုပ်ငန်းတွင် ပို၍ ထင်ရှားသည်။ ဥပမာအားဖြင့် မလေးရှားတွင် ပြည်နယ်အစိုးရများသည် တွင်းထွက်လုပ်ငန်းများကို ခွင့်ပြုနိုင်သော်လည်း နိုင်ငံအဆင့် အစိုးရက ရေနံနှင့် ဓာတ်ငွေ့လိုင်စင် ချထားပေးသည်။
- ကမ်းလွန် သယံဇာတထက်စာလျှင် ကုန်းတွင်းသယံဇာတများတွင် ပြည်နယ်အဆင့် ပါဝင်မှုမှာ ပို၍ထင်ရှားသည်။ ဥပမာ အိန္ဒိယတွင် ပြည်နယ်အဆင့် အစိုးရက ကုန်းတွင်းလိုင်စင်များ ချထားပေးပြီး ကမ်းလွန် လိုင်စင်များကို နိုင်ငံအစိုးရက ချထားပေးသည်။ ဩစတေးလျတွင်လည်း ကုန်းတွင်းရေနံ လိုင်စင်ချထားပေးခြင်းသည် ပြည်နယ်များ၏ လုပ်ပိုင်ခွင့်ဖြစ်ပြီး ကမ်းလွန်လိုင်စင်များကို ပြည်နယ်နှင့် ဗဟိုအာဏာပိုင်များ ပူးတွဲဆုံးဖြတ်ချက်ဖြင့် ချထားပေးသည်။

## ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် သယံဇာတစီမံမှု အားနည်းချက် အားသာချက်များ

| အကျိုးကျေးဇူးများ | အခက်အခဲများ |
| --- | --- |
| ရပ်ရွာများ၏ သဘာဝ သယံဇာတအပေါ် ထိန်းချုပ်မှုကို အားကောင်းစေသည်။ | လျှောက်လွှာများ သုံးသပ်ခြင်း၊ အရည်အသွေးပြည့်မီသည့် ကုမ္ပဏီများသို့ လိုင်စင်ချထားပေးခြင်း ပြုလုပ်နိုင်ရန် ကျွမ်းကျင်မှုနှင့် အသိပညာ ဖြည့်ဆည်းပေးခြင်း |
| ဆုံးဖြတ်ချက်များကို ရပ်ရွာ၏ လိုအပ်ချက်များ၊ ရှောင်ရှားလိုသည့် ကိစ္စများနှင့်အညီ ချမှတ်စေနိုင်သည်။ | အကျင့်ပျက် လာဘ်စားမှု လျှော့ချရန် ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှု အားကောင်းအောင် ဆောင်ရွက်ခြင်း |
| အာဏာပိုင်များအနေဖြင့် စောင့်ကြည့်ရေး ဆောင်ရွက်လိုသည့် ဆန္ဒကို အားကောင်းစေသည်။ | လုပ်ကွက်ထပ်နေခြင်း၊ ခိုင်မာမှုမရှိခြင်းကို ရှောင်ရှားနိုင်ရန် လိုင်စင်မှတ်တမ်း စနစ်တစ်ခု သတ်မှတ်ခြင်း |

ဖော်ပြခဲ့ပါ အချက်အလက်များကို Natural Resource Governance Institute. www.resourcegovernance.org မှ ပြုစုထားပါသည်။
ယခုစာပါ အချက်အလက်များ၊ အခြား သဘာဝသယံဇာတ စီမံမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သည့် အချက်အလက်များ အသေးစိတ် သိရှိလိုပါက Hosana Chay | hchay@resourcegovernance.org သို့မဟုတ် ဖုန်း – ၀၉ ၄၅၆၃၈၂၂၃၃ သို့ ဆက်သွယ်နိုင်ပါသည်။